www.burmeseclassic.com

# မုန့်လုံးပြဇာတ်

ကုသ

ရန်ကုန်တက္ကသိုလ် ဓမ္မာရုံကြီး ရန်ပုံငွေအတွက် အလှူငွေ ပဒေသာကပွဲကြီးတစ်ရပ်ကို ၁၉၃၁ ခုနှစ်၊ နတ်တော်လတွင် ဂျူဘီလီရုံတော်ကြီး၌ ခင်းကျင်းပြသခဲ့ပေသည်။

တစ်ဖန်တုံ ၁၉၄၀–ခုနှစ်၊ နတ်တော်လတွင်ပင် အလားတူ ပဒေသာကပွဲကြီးတစ်ရပ်ကို ဒုတိယအကြိမ်မြောက် ခင်းကျင်းပြသခဲ့ပြန်သည်။

ထိုကပွဲကြီး အောင်မြင်မှုအတွက် ဇာတ်သဘင်တွင် အထုံဝါသနာပါသော တက္ကသိုလ်မြန်မာဆရာ အသီးသီးတို့အား တာဝန်လွှဲထားရသည်။ ကျွန်တော်မှာကား 'ပြဇာတ်'တစ်ခုကို 'မှူး'ရန် တာဝန်ကျတော့သည်။ အမည်ကား 'မုန့်လုံးပြဇာတ်'တည်း။

ယင်း'မုန့်လုံးပြဇာတ်ကား တက္ကသိုလ်တွင် တစ်ကြိမ် ကပြပြီးဖြစ်သည်။ သို့ငြားသော်လည်း ယင်းဇာတ်ကိုပင် မှီး၍ အသစ်တစ်ဖန် မွမ်းမံခြယ်လှယ်ရန် တာဝန်ကျသဖြင့် ဇာတ်ညွှန်းအသစ် ကိုယ်တိုင်ရေး၍ ပါဝင်ကပြသည့် တက္ကသိုလ်ကျောင်းတော်သားတို့အားလည်း သင်ကြားပြသခဲ့ရသည်။ ယင်း'မုန့်လုံးပြဇာတ်'ကို အောက်တွင် ဖော်ပြလိုက်ပါသည်။

* * *

မင်းလုလင်နှစ်ယောက် မောင်းကြီးတစ်လုံးကို ထမ်းကာထွက်လာကြစေ။

ဝန်ကြီးတစ်ပါး စာတစ်လိပ်ကိုကိုင်၍ ဟန်ပန်နှင့် ထွက်လာစေ။

မင်းလုလင်သည် မောင်းကြီးကို မကြာမကြာထုပေးရမည်။

မောင်းသံစဲသော် ထိုဝန်ကြီးသည် စာလိပ်ကိုဖြန့်၍ 'အမိန့်တော်'ကို လေးဆေးပီသ ကျယ်လောင်စွာဖတ်ရမည်။

'အမိန့်တော်... နီလာမြသား၊ ပတ္တမြားဂေါမုတ်၊ အဟုတ်ထိန်လင်း၊ ရွှေတွင်းငွေတွင်း၊ ပယင်းဒုတ်ထား၊ မဆလာကျောက်ချဉ်၊ တဆင်မပျက်၊ ဇဝက်သာတွင်း၊ ဆားတွင်း၊ ရွှံ့တွင်း၊ ကြွက်တွင်း၊ လိပ်တွင်း၊ မြွေတွင်း၊ ယုန်တွင်း၊ ကျီးကန်းတွင်း၊ တောက်တဲ့တွင်းနှင့်တကွ၊ ဖွတ်၊ ပုတပ်၊ ကင်းလိပ်တွင်း စသော တွင်းပေါင်းတို့၏ အရှင် ဆင်ဖြူ ဆင်ဝါ၊ ဆင်ပြာ ဆင်နက်၊ ဆင်ကွက် ဆင်ကျား၊ ဆင်ဝဲစားနှင့် ဆင်လားတာလီ၊ ဆင်နီတကွဲ သစ်ဆွဲဆင်၊ ဆပ်ကပ်ဆင်၊ ဆင်ပြောင် ဆင်ကြောင်၊ တောင်ဆင် တောဆင်၊ နိဗ္ဗာန်ဆင်၊ ဟသ်ာတဆင်၊ တောင်တွင်းကြီးဆင်၊ လားရှိုးဆင်၊ အာလံဆင်နှင့်တကွ၊ ဆတ်ဒန်.. သမင်ဒန်...ဂျီဒန်...ဒရယ်ဒန် စသော ဆင်အပေါင်းတို့၏သခင်....

မြင်းနီမြင်းကျား၊ မခြားဝေလာ၊ ဟောဝန္တာအသွ၊ မြင်းမတစ်ဖုံ ခုန်မြင်း၊ ကန်မြင်း၊ ဝင်းပလေးမြင်း၊ ဂိတ်ဇကုတ်မြင်း၊ ကျိုက္ကဆံမြင်း၊ သိန္ဓောဆားမြင်း စသော မြင်းအပေါင်းတို့အရှင်...

အရိန္ဒမာလှံစကြာ၊ သီလဝံသဒါးစကြာ၊ ပေါက်တူးစကြာ၊ ပေါက်ဆိန်စကြာ၊ ဓားမြှောင်စကြာ၊ [illegible]စကြာ၊

www.burmeseclassic.com

www.burmeseclassic.com



မောင်းချခြားစကြာ၊ ခြောက်လုံးပြူးစကြာ၊အမြှောက်စကြာ၊ နှစ်လုံးပြူးစကြာ၊ ဝါးရင်းတုတ်စကြာ၊ သရေလေးစကြာ၊ လောက်လေးစကြာ၊ မီးလောင်ဗုံး၊ လက်ပစ်ဗုံး၊ သံဗုံး၊ ရေဗုံး၊ ဆီဗုံး၊ အမှိုက်ဗုံး၊ ငါးပိဗုံး၊ ဆားဗုံး၊ မိလ္လာဗုံး၊ မန်ကျီးသီးဗုံး၊ ငန်ပြာရည်ဗုံး စသော ဗုံးလက်နက်အပေါင်းတို့၏ အရှင်...

ကနက်ကဒဏ်ထီး၊ စန္ဒထီး၊ ပဒုမထီး၊ သူရိယထီး၊ မြန်မာ့အလင်းထီး၊ တရုတ်ထီး၊ ကုလားထီး၊ ဖဲထီး၊ ပုသိမ်ထီး၊ အိမ်တော်ရာထီး စသောထီးများ၏ အရှင်....

အရှေ့လားသော် ကုက္ကိုင်း၊ အနောက်ပိုင်းကမာရွတ်၊ တောင်ထွက်ဆေးရုံ၊ မြောက်ဘုံ အင်းလျား နယ်ပြည်တစ်လွှားကို၊ ထီဝဲစား မိုးအုပ် မင်းလုပ်တော်မူတတ်ထသော၊ "တိလောက၊ သီရိ၊ ပဝရ၊ တြိဘဝန ဒိတျ၊ ပဏ္ဍိတ၊ သကျဝံသ၊ သုဓမ္မရာဇာ၊ မဟာတိမဟာ၊ တက္ကသိုလ်ပြည့်ရှင်၊ ဘရားဝါးလား မင်းကြီး"အမိန့်တော် ဒူ....ဒူ....ဒူ....

လှည်းနေလှေအောင်း မြင်းဇောင်း ထရိန်နှာ၊ ထိန်ဝါဂျော်ကီ၊ မည်သည်မကျန်၊ ဒရဝမ်ဂျာဒူး၊ ဘွိုင်ကုလားအစ၊ တိုင်းသူပြည်သားအပေါင်းတို့လေ...။

"မုန့်လုံးစက္ကူကပ်" သီချင်းကို အစမှ အဆုံးတိုင် သီဆိုနိုင်သူအား ကောင်းခြင်းငါးဖြာ ကလျာထွတ်နှ၊ ကြာဝတ်စုကဲ့သို့ ချောမောလှပသော သမီးတော်(စက်စက်ယို) မင်းသမီးနှင့် စုလျားရစ်ပတ် ရေသွန်း လက်ထပ်တော်မူမည်။ အစမှအဆုံးတိုင် မဆိုနိုင်သောသူအား တန်ချိန် ၇၀–လေးသော လမ်းကြိတ်ရထားနှင့် နင်းသတ်လိမ့်မည်။

အမိန့်တော်...ဒူ...အမိန့်တော်...ဒူ...အမိန့်တော်...ဒူ

လင်ပန်းတီးသံသည် ကျယ်လောင်စွာ ပေါ်ထွက်လာလေသည်။ သည်အထဲတွင် မီးအိုးတစ်ထုပ်ကို ရှို့၍ ဇာတ်ခုံပေါ်သို့ ပစ်တင်လိုက်တော့သည်။ မီးအိုးသံစဲလျှင် တရုတ်တစ်ယောက် လင်ပန်းတီးရင်း ဇာတ်စင်ပေါ်သို့ ရောက်လာသည်။ ဝိုင်းတော်သားများက (ဖရန်တင်) ယိုးဒယားသီချင်းသွားကို တီးပေးရာ ထိုတရုတ်သည် သိုင်းကွက်နင်း၍ တရုတ်ဟန်ပါပါနှင့် ကလေတော့သည်။

(ဝန်ကြီး) "အောင်မယ် ဘယ်သူပါလိမ့်၊ ဟေ့လူ ခင်ဗျားဘယ်သူလဲ။ ဘယ်တိုင်းပြည်ကလဲ၊ နာမည် ဘယ်လိုခေါ်လဲ"

(တရုတ်) "ဝ လား စိန့်ရထ၊ ဂန္ဓာလရာဇ်တိုင်း၊ မောင်ဂိုးလီးယားပြည်က ခင်ဗျားအစိစားဟုတ်လား"

"ကျုပ် အစိမစားဘူး"

"ဘာဖြစ်လို့လဲ"

"အို သွားနာလို့ပေါ့၊ ဒါထက် ခင်ဗျားမိဘ ဘယ်သူတွေလဲ"

"ဝလား ဝ အဘပြူကြောထီး၊ အမိ ချင်ဘို့မယ်ခေါ်လယ်"

"အင်း..အင်း... ဒါ ထက် ခင်ဗျား မြန်မာပြည်ကို ဘယ်လိုလာသလဲ"

"ဝ ဝက်စီးလာတယ်။ အားကီး ဖင်နာလယ် မှုကောင်းဘူး"

"ဘာ...ဘာ... ဝက်စီးလာသလား...၊ ဒီဝက် ဘယ်မှာလဲ"

"ဝ... ပိုက်ဆံမရှိလို့၊ ဘိုင်တွန်လို့ မန်းတီးလေးမှာ စုန်းကျပ်နဲ့ရောင်းလိုက်တယ်။ မန်းတီးလေးက ရန်ကုန်ကို ခြေလျင်မလာနိုင်လာလို့ ကုန်းကြောင်းလာခဲ့လယ်"

"ဟား..ဟား...အတော်လာတဲ့ ကောက်ဖော်ပါလား။ ခင်ဗျား အကျီတိုလား အကျီရှည်လား"

"ဝ အကျီတိုလည်းမဟုတ်၊ အကျီရှည်လည်း မဟုတ်၊ စွပ်ကျယ်အကျီဝတ်လယ်"

"ဟား..ဟား.. ဘယ့်နှယ့် တရုတ်ပါလိမ့်။ ခင်ဗျား ဘာလာလုပ်သလဲ"

"အို ခင်ဗျားတို့ ခေါင်းလောင်းတီးစံကို ဝ ဘိန်းရှူရင်း ကြားရလို့ လာခဲ့လယ်။ ခင်ဗျားလို့ မင်းစမီးကို စုလျားရစ်ပတ် ရေသွန်းလက်ထပ်ချင်လို့ လာတာပေါ့ဗျ။ ကမ်းနီးနဲ့ သံဘုန်း"

"အံမယ် မြန်မာလို တော်တော်လာတဲ့ တရုတ်ပါလား။ တရုတ်လူပျံတော်ထင်တယ်"

"လန်ကျောက်။ ဝ လူပျံမဟုတ်ဘူး။ဝဆီမှာ အတောင်မရှိဘူး။ ဝ အာခု ဝက်စီးလာလယ်။ လူဝက်စီးပါပဲ။ လူပျံ မဟုတ်ရ"

"အောင်မယ်၊ တယ်ကြီးကျယ်တဲ့ တရုတ်ပါလား။ ကဲ ဒါဖြင့် ခင်ဗျား မုန့်လုံးသီချင်း ဆိုနိုင်ပါမလား"

"လန်ကျောက်။ ဆိုနိုင်လယ် ဆိုနိုင်လယ် လန်

www.burmeseclassic.com

www.burmeseclassic.com



ကျောက်"

"ကဲ ဆိုနိုင်ရင်ဆိုပေတော့။ အစကအဆုံး မဆိုနိုင်ရင်တော့ လမ်းကြိတ်မီးရထားနဲ့ နင်းသတ်ရမယ် အဲဒါကို သတိထား"

"အာပြော့ပေါ့ ဝ–ရီလာပေါ့။ ကောင်းပြီ၊ ဆိုမယ် ဒါလဲ့ ခင်ဗျားလို့ မင်းစမီးကိုရရင် ရန်ကုန်အရေးပိုင်ရုံးမှာ လက်ထပ်ရမလား။ ဒါ–ဝ စိချင်လယ်"

"အံမာ တယ်ရှည်တဲ့ တရုတ်ပါပဲ။ အရေးပိုင်ရုံးမှာ မဟုတ်ဘူး ကြံတောသချိုင်းမှာ၊ ကြံတောမှာ။ ကဲ ကဲ ဆိုပေတော့"

"ကျအေးကူ စုအမေရိုက်၊ မှောင်မိုက်မှာလဲစူနေခို။ ကိုလူပျို ထီရုံပေါက်က ချီထောက်ကိုချွဲ၊ တွဲလဲ၊ တွဲလွဲရယ် နီပါအုန်း၊ မိုးတွန်ကချူန်း၊ မုလုံး မုလုံးကို ကြက်ကူကပ် ကြာကလပ်က ချွမ်းတော်တင်၊ ပီလင်ပေါ်က မြောက်ကီလေး၊ ချင်းတက်လို့ပြေး၊ ကျအေး..ကျအေးကို စုအမေရိုက်၊ မှောင်မိုက်မှာလဲ့ စူနေခို..."

ဟားဟား...ဟားဟား..ဟော့ရဲဘော်တို့ ဒီတရုတ်မင်းသားကိုဖမ်းကြ။ ကြာအေးသီချင်းကို အစက အဆုံး မဆိုနိုင်ဘူး ဝိုင်းစလယ်နေပြီ။ အလကား လာနှောင့်ယှက်တယ် ဖမ်းကြ ဖမ်းကြ လမ်းကြိတ်မီးရထားစာ ကျွေးရအောင်။ ကဲ ကဲ လာ လာ မောင်ဂိုလီးယား မင်းသားရဲ့"

သည်တွင် မင်းမှုထမ်းများသည် ထိုတရုတ်မင်းသားအား အတင်းဖမ်းသွားကြသည်။

* * *

မကြာမီ ဗုံတီးသံကြားရတော့သည်။ ဗမာဗုံသံကား မဟုတ်၊ ကုလားဗုံသံဖြစ်သည်။

"အရေး ကောင်မကလေး ကွန်ကွန်သီးဆားမလား တစ်ကျပ် နှစ်ကျပ်ယူမလား ဘင်္ဂလားကိုသွားမလား။ နာပါတယ်တော် နိပ်ပါအုံးရှင်× × × ကြော့ဆုံး ကိုအီဗြာဟင်ရဲ့"ဟူသော သီချင်းကို ဆိုရင်းကြာများသော ကုလားတစ်ယောက် ဝင်လာတော့သည်။ ဗုံကိုတီးရင်း ခေါ်တောကကလာသည်။ တက္ကသိုလ်ဝိုင်းတော်သားတို့လည်းကုလားသီချင်းတီးပေးကြသည်။

(ဝန်ကြီး) "အောင်မာ ဒါကတစ်မျိုးပါကလား၊ ဟော့မောင်ရင် မင်းဘယ်သူလဲ"

(ကုလား) "အဘား ငါ့ကိုမေးသလား"

"အေး မင်းကိုမေးတာကွဲ့"

"ငါ ပတိတ်ခရားမင်းမြေးပေါ့။ ပုဂံရာဇဝင်မှာ နင်တို့မင်းသမီး ရွှေအိမ်သည်ကို လာနှောက်ပိုးတာ၊ ငါ့အဘိုးပါပဲ"

"သြော် သြော် လက်စသတ်တော့ ကုလားမင်းသား ပဋိက္ခရားရဲ့မြေးကိုး"

"အေးဟုတ်တယ်။ ငါ့အဘိုးကိုလမ်းထဲမှာကျိုးကန်းကိုက်တယ်တော်၊ လန့်ပြီးအော်တယ်နော်၊ ပါးစပ်ထဲကဂေါ်လီထွက်သွားတယ်၊ ငါ့အဘိုးကျတယ်နော်၊ မာလကာပင် တက်သွားတယ်"

"သြော်... ရာဇဝင်ကျော်တဲ့ ကုလားမင်းသားပါပဲ။ ပဋိက္ခရားကုလားမင်းသားရဲ့ မင်းသားရဲ့ မြေးအစစ်ပါပဲ။ ဘွဲ့နာမည် ဘယ်သူတုန်း"

"ငါ့နားမဲလား။ ကုပ္ပူးဆာမိလို့ခေါ်တယ်"

"အောင်မယ် တယ်ယဉ်တဲ့ နာမယ်ပါပဲ။ ကုပ္ပူးဆာမိတဲ့။ ဟော့ မင်းသား၊ အခု မြန်မာပြည်ကို ဘာနဲ့ လာသလဲ။ ပြဒါးရှင်လုံး ငုံပြီးလာသလား"

"မဟုတ်ဘူး သံပြာသီးငုံပြီး၊ သမ္ဗာန်ခပ်လာတယ်။ တဝ မောတယ်။ မန်ချည်းဒီး လေးဒ့"

"အင်း အင်း တို့မင်းသမီး ဖူးစာရှင်တွေကဖြင့် မင်းသားတွေချည်းဘဲ။ တော်တော်လဲ တန်ခိုးရှိကြတယ်။ တစ်ယောက်ကတော့ ဝက်စီးလာတယ်။ တစ်ယောက်ကတော့ သမ္ဗန်ခတ်လာတယ်"

"အဘား မင်းသားနော် ကောင်းတယ်၊ အမှတ်ကြီးနော် မကောင်းဘူး"

"အဘား မင်းခယောက်ျား ကမ်းနားသစ်ပင်ရှိတယ် မဟုတ်ဖူးလား"

"အေး ဒါဘာဖြစ်သလဲ၊ စကားပုံတတ်တဲ့ ကုလားပါကလား"

"ကမ်းနားမှာ သစ်ပင်ပေါက်ရင် အမြစ်ကို ကြွက်ကိုက်တယ် အဘား"

ဟားဟား...ကုလားလူရွှင်တော်မင်းသားပါကလား။ ဒါပေမဲ့ တို့ကတော့ဖြင့် အမြစ်ကိုတစ်ခါမှ ကြွက်ကိုက်မခံရသေးဘူး။ ကဲ ကဲ မင်းအခု ဘာလုပ်ဖို့ လာသလဲ"

"ဟာ...ခင်ဗျား ကုလားတက်တီးပြကြားလို့ လာ

www.burmeseclassic.com

www.burmeseclassic.com



တာပေါ့။ ခင်ဗျားမင်းသမီး (ဆောက်ဆောက်ယိုး)ကို ငါ လူးချင်လို့ လာတာပေါ့။ ငါ'မွိလုံး'တချင်း ဆိုးပြမယ် အဘား"

"ဩော် မင်းသမီး စက်စက်ယို လိုချင်လို့လား"

"အေး မင်းသမီးကို ငါလူးချင်တယ်"

"အင်း လမ်းကြိတ်မီးရထားအစာဖြစ်ဖို့ တစ်ယောက် ဖြင့် တိုးလာပြန်ပေါ့ မင်းအစကအဆုံး ဆိုရမယ်နော်"

"အားမ ဆိုမယ် နားထောတ ဆင်းပါ အဘား"

"အရေး အရေး မွိလုံးကို...ဆက္ကူကပ်..ရှာကလပ်မှာ ဆွမ်းတော်တင်း ပလ္လင်းပေါ်က ခွေးကလေး ဆင်းတယ်လို့ ပြေး ရှာအေးကို တုအမေရိုက်ဖာလို့....ရှထောက်ကိုဆွဲ တွဲလဲ တွဲလဲကလေးကို နော်...တွဲလဲကလေးကိုနော် ဆက္ကူ ကပ်ဖာလို့"

(ဝန်ကြီး) "ဟော့ကုလားမင်းသား...တွဲလဲကလေးကို စက္ကူမကပ်နဲ့ ကပ်မဲ့ကပ်ရင်ဖယောင်းချက်သာကပ်ရတယ်"

"အဘား၊ ငါမေ့သွားတယ် တွဲလဲရယ်နေပါအုံး မိုး တောင်ကရှုံး မွိလုံး မွိလုံး ကလေးကိုနော်ဗျာ ဆက္ကူကပ် ပါလို့"

(ဝန်ကြီး) "ဟော့ရဲဘော်တို့ ဒီကုလားမင်းသားဟာ မုန့်လုံးသီချင်းမဆိုနိုင်ဘူး ဖမ်းကြဟာ၊ ဖမ်းကြ၊ လမ်းကြိတ် မီးရထားနဲ့ နင်းသတ်စေ"

(ကုလားမင်းသားငို) အရေးဘာဘူး ကုလားမင်း သားကလေး မာလကာပင်တက်ရတော့မယ် ရွှန်တော် ပြန် ပါရစေ။ အဘား ခင်ဗျားတို့မင်းသမီးကို ရွှန်တော် မလူး တော့ပါဘူး။

(ဝန်ကြီး) မရဘူး မရဘူး မင်းကို လမ်းကြိတ် မီး ရထားနဲ့ နင်းသတ်ရမယ်။

BURMESE CLASSIC .com

* *

တူးနယ်နယ်၊ တူနယ်နယ်တောင်...တူနောင်.... တူနယ်နယ်၊ တူနယ်နယ်တောင်၊ တူနောင်... အင်္ဂလိပ်ဆိုင်း သွားတီးပေးစေ။

ချာလီချက်ပလင်ကဲ့သို့ ဝတ်ဆင်ထားသောအင်္ဂလိပ် တစ်ယောက် ခြေတီးလုံးကာ၍ ဝင်လာစေ။

"ကျက်တူရွေး၊ အာခေါင်နီ၊ ကွမ်းကလပ်ကို ချီ– မချီပါနဲ့ ကိုကြက်တော ဘားကြီးလာမှပြော"ဟူ၍အင်္ဂလိပ် သံဝဲဝဲနှင့် သီဆိုကာခြေတီးလုံး ကမြဲကပြန်သည်။ တစ်ချက် တစ်ချက် ပရိသတ်တို့ဘက်လှည့်၍ 'နာဇီ'ဆလံပေးသည်။

(ဝန်ကြီး) "အလို ဒါကတစ်မျိုးပါလား။ ဟေး ကို မျောက်ဖြူ ခင်ဗျားက ဘာသတ္တဝါတုန်း ဘယ်တိုင်းပြည် ကလဲဗျ"

(အင်္ဂလိပ်) "ဒင်–ဗလယ်ဒီဖူးလ်၊ ခနုပ် ချက်ကိုး ဆလိုဗေးကီးယားပြည်က"

"ဘယ့်နဲ့ ချက်ကိုဆီလိမ်းပေးသလား ပြည်ကလား ခင်ဗျားအနှိပ်သည်လား"

"ဗလယ်ဒီ–အက်(ဆ) ခနုပ် အနှိမ့်ထဲမဟုတ်ဘူး၊ မင်းသားဖြစ်တယ် နားမဲက ဂျော်နီဝါကား ခေါ်တယ်"

"အလို... သိပ်ကောင်းတဲ့ နာမည်ပါကလား၊ ဒါဖြင့် တစ်ခွက်လောက်သောက်ချင်တယ်ဗျာ"

"နိုး–နိုး ယူဖူးလ်၊ ခနုပ်အခုပဲ ရေသောက်လာတယ် ခနဆောင့်ပါဦး"

"ရိုင်းလိုက်လေ ဂျော်နီဝါကားရယ်။ ဒါထက် ခင်ဗျား အဖေဘယ်သူလဲ။ ခင်ဗျားနှာခေါင်းကလည်း ချွန်လှချေ လား"

"အိုး ခနုပ်အဖေဟာ ဟစ်တလားပါပဲ"

"အို ခင်ဗျားမလိမ်ပါနဲ့၊ အဒိန္နဒါနကံ ထိုက်ပါမယ်။ ဟစ်တလာဟာ လူပျိုကြီးပါ"

"မိုင်ဂေါ့–ဟစ်တလား လူပျော့ကြီး မဟုတ်ဘူး။ မိန်းမရှိတဲ့ အေ စီမွိန်းမတစ်ယောက်ကို ချက်ကိုးဆလိုး ဗေးကီးယားပြည်မှာ ထားတယ်။ အဲဒါ ခနုပ်အမွေဘဲ။ ခနုပ်ဂူးကလေးတော့ (ဂိုးအားရင်း) ခေါ်တယ်"

"ဩော် ဆွေကြီးမျိုးကြီးထဲက ပါပဲလား။ ဒါထက် ခင်ဗျား အခုဘာလာလုပ်သလဲ"

"အိုး မိုင်ဂေါ့၊ ခင်ဗျားတို့ ဘင်တီးသံကြားလို့ လာ တာပေါ့။ ခင်ဗျားတို့မင်းသမီးကို (ဟန်းနီးမွန်း) ခေါ်သွား ဘို့လာတယ်"

"အလို ဟန်းနီးမွန်းဆိုတာဘာလဲ"

"ခင်ဗျား ဘာဝန်ကြီးလဲ ဆားမတက်ဖူးလား၊ ဟန်း နီးမွန်းဆိုတာ တူနှစ်ကိုယ် သစ္စာပန်းကို ဆင်မြန်းတာ ရွှေ ဖူးစာ ဂဟေဆက်တာ အိမ်ထောင်ဘက်ချင်း ပေါင်းသင်း တာ မေတ္တာရန့်ကို လှိုင်ပျံ့စေတာ"

"ဟိုး–ဟိုး အတော်လာတဲ ဂျော်နီဝါကာပါကလား။

www.burmeseclassic.com

www.burmeseclassic.com



သိပြီ၊ သိပြီ မြန်မာစာကလော်တိုင်းထွက်တဲ့ လူပါကလား။ ဟိုး ဆရာ ဟိုး ဂျာမနီ ဦးပုညပါကလား။ ကောင်းပြီ ခင်ဗျားသီချင်းဆိုနိုင်ပါမလား။ အစက အဆုံးဆိုရမယ်နော် မဆိုနိုင်ရင် လမ်းကြိတ်ရထားနဲ့ နင်းသတ်မယ်"

"နဲဘားမိုင်း အောရိုက် အောရိုက်၊ ခနုပ်ဆိုမယ်၊ နားထောင်း နားထောင်း"

"မုန့်လုံး..စက္ကူ..ကပ်...ကြာကလပ်...ဆွမ်းတော်တင်..ပလ္လင်ပေါ်က နွားကလေး... ဆင်းတယ်လစ်ပြေး... ကြာအေးကို တုအဖိုးရိုက် မြွေဟောက်ကိုက်...မုန့်လုံး... မုန့်လုံး...."

"ဟိုး..ဟိုး... ဟဲ့ ရဲဘော်တို့ ဒီအကောင်ကို ဖမ်းကြ၊ သူ မဆိုနိုင်ဘူး လမ်းကြိတ်မီးရထားနဲ့ နင်းသတ်စေ"

"ဒင်ဗလယ်ဒီဖူး၊ ခနုပ်ကို မဖမ်းနဲ့ ခနုပ်ကိုဖမ်းရင် ဟာစ်တလားက ဗုံးကြဲလေယာဉ်ပျံနဲ့ နင်တို့ကိုလာ သတ်မယ်၊ ဒင်ဖူးလ်။ လွှတ် လွှတ်..။ ယူအက်(စ်)... လက်မီဂိုး..."

BURMESE CLASSIC .com

ထိုနောက် သာယာချိုအေးသော တေးသံသည် ထွက်ပေါ်လာတော့သည်။

"ချိုးနှစ်ကောင်၊ ထနောင်းပင်ညီနောင်က၊ လွမ်းအောင်ကူချွဲ၊ ပန်းတော်ဖြူ ပင်မြတ်ကယ်နေဇာထူလှ၊ ဖိုးတောင်သူ့တဲ"

မြန်မာမင်းသားတစ်ပါး ဝင်လာတော့သည်။ မြင်သူငေးလောက်သော ရုပ်သွင်နှင့်ပြည့်စုံသူ ဖြစ်သည်။ (ဝန်ကြီးပရိသတ်ဘက် မျက်နှာမူ၍) "အလို တော်တော် ချောတဲ့ မင်းသားပါပဲ။ ကြည့်ကြစမ်းပါဗျာ သူ့မျက်ခုံးကလေးက သုံးရက်လပမာ"

မင်းသားက မျက်ခုံးလှုပ်ပြသည်။

"နှုတ်ခမ်းကလေးက ပတ္တမြားအသွေးပါဘဲ"

မင်းသားက နှုတ်ခမ်း ဟပြသည်။

"နှာခေါင်းကလေးကဖြင့် ပေါ်ပါပေ့"

မင်းသားက နှာခေါင်းလှုပ်ပြသည်။

"ကိုယ်ဟန်ကလဲ ကြော့ရှင်းပါပေ့"

မင်းသားက ကိုယ်ကို နွဲ့၍ နွဲ့၍ ပြသည်။

"အင်း ပြောရင်းဆိုရင်း ကျုပ်တောင်ကြိုက်ချင်လာပြီ။ ယောက်ျားဖြစ်နေလို့ ခက်နေတယ်။ အင်း မေးရဦးမယ်။ အို မောင်ရင် မင်းသားနဲ့ တူတယ်။ ဘယ်ပြည်က ဘယ်မင်းရဲ့ သားပါလဲ၊ ဘွဲ့နာမံ ဘယ်လို ခေါ်ပါသလဲ တစ်ဆိတ်လင်းပါဦး"

(မင်းသား ကိုယ်ဟန်နွဲ့နွဲ့နှင့်) "ကျွန်တော့်ကို မေးတာလား အမတ်မင်း ကျွန်တော်သည်ကားဟု ဆိုရင်း ခေတ္တရာ သရေမချို့တဲ့ ပြေမြို့က မဟုတ်ပါဘူး သာယာဝိုင်း စစ်ကိုင်းကလည်း မဟုတ်ပါဘူး။ အသရေလှိုင်တဲ့ ရွှေမြင်ကလည်း မဟုတ်ပါဘူး။ သတင်းထိန်တဲ့ အင်းစိန်ကလည်း မဟုတ်ပါဘူး"

"ဒါဖြင့် ဘယ်ပြည်ကပါလဲ"

"အသရေစုံတဲ့ ဒဂုံပြည်က ဥက္ကလာပမင်းကြီး၏ သားတော် နန္ဒာမင်းသားပါပဲ"

"အင်း ကောင်းဗျာ အသံတော်ကဖြင့် သာပါပေ့ အခု ဘာကိစ္စ ကြွလာပါသလဲ"

"ကိစ္စကတော့ တခြားမဟုတ်ပါဘူး။ မုံ့လုံးသီချင်း ဆိုပြချင်လို့ပါပဲ"

အင်း ကောင်းပါ့ဗျာ ဆိုနိုင်ပါတယ်၊ ဆိုပါ၊ ဆိုပါ၊ ဒါပေမဲ့ အစကအဆုံးတိုင်အောင် မဆိုနိုင်ရင်တော့ လမ်းကြိတ်ရထား အနင်းခံရမှာနော်"

နန္ဒာမင်းသားသည် မတုန်မလှုပ်ဘဲ မုံ့လုံးသီချင်းကို သာယာချိုအေးသောအသံဖြင့် ဘောလယ်သွားနှင့် ဆိုလေသည်။

"မုန့်လုံးကလေးကိုနော်ဗျာ၊ စက္ကူကပ်ပါလို့၊ ကြာကလပ်မှာတဲ့ ဆွမ်းတော်တင် ပလ္လင်ပေါ်ကမျောက်ကလေး ဆင်းတယ်လို့ပြေး... ကြာအေး...ကြာအေး ကလေးကိုနော်ဗျာ သူ့အမေရိုက်ပါလို့၊ မှောင်မိုက်မှာတဲ့ သူနေခို၊ ကိုလူပျို ထရံပေါက်က၊ ခြေထောက်ကိုဆွဲ.... တွဲလဲ... တွဲလဲရယ် နေပါအုံး... မိုးတောင်ကချုံး... မုန့်လုံး...

(ဘောလယ်သွား)

သည်မျှနှင့် ဝန်ကြီးသည် နှလုံးတွေ့တော့သည်။ မင်းသား၏ အသံမှာကား သာယာလှပါဘိသည်။

"အမောင်မင်းသား အမောင်ကား အသံသာဘိသည်။ တော်ကြီးဘုရား ထွက်တော်မူလာတော့မည်။ အမောင်တစ်ဦးတည်းသာလျှင် မုန့်လုံးသီချင်းကို သီဆိုနိုင်ပေကြောင်း လျှောက်ကြားအစီရင်ခံပေးမည်"ဟု သနား

www.burmeseclassic.com

www.burmeseclassic.com



ကမား ရုပ်သွင်နှင့် ချိုအေးသောအသံကြောင့် ဆန္ဒာဂတိသို့ လိုက်မိတော့သည်။

* *

စည်တော်ရှမ်းသံ ကြားရပေပြီးနောက်၊ စံရာတောင်ကျွန်း ဘုန်းတော်တွဲ့ သီချင်းသံပေါ်ထွက်လာသည်။ တော်ကြီးဘုရားကား ထွက်တော်မူလာပေပြီ။ တော်ကြီးဘုရားသည် မင်းမြှောက်တန်ဆာ ငါးပါးဝတ်ဆင်၍ နောက်ပါမှူးမတ်ခြွေရံသင်းပင်းနှင့် ထွက်တော်မူလာတော့သည်။ တော်ကြီးဘုရား လုပ်သူမှာ မြန်မာမဟုတ်၊ အသားအလွန်မည်း၊ နှာခေါင်းပေါ်၍ အရပ်ရှည်လွန်းသော ပန်ချာဘီတက္ကသိုလ်ကျောင်းသားတစ်ဦးဖြစ်သည်။ ဇာတ်ခုံပေါ်တွင် ရာဇပလ္လင်နှင့် လှမ်းကြွရင်း တစ်ချက်တစ်ချက် နောက်ပါတို့အား နဖူးပေါ် လက်ဝါးကာ၍ ကြည့်လိုက်တိုင်း နောက်ပါများက ဝပ်တွားကာ အရိုအသေပေးကြရသည်။ ဆိုင်းသံလည်းတိတ်၊ပန်ချာဘီတော်ကြီးလည်း ထင်းရှူးသေတ္တာထိပ်ပေါ်သို့ ရောက်တော့၏။

"ငါ၏ထံပါး၊ မြဲခစားသည့်၊ လေးပါးကဝိန်၊ မတ်သုခမိန်တို့"

"ဗျား... ဗျိး...ဗျို...ဗျ.. ဗျောင်း... ဗျိုင်း... စစ္စလီ.... ငှတ်ကျား.."

"မုန့်လုံးသီချင်းကို အစမှအဆုံး သီဆိုနိုင်သူ ရှိပါပြီလော။ မှန်ရာကို တင်ကြစမ်း မင်းကြီးများ"

"မှန်ပါဘုရား၊ အပါးတော်မှာ ခစားနေသော၊ နန္ဒာမင်းသားသည်ပင် ဆိုနိုင်သူဖြစ်ကြောင်းဘုရား"

"အင်း ငါကိုယ်တော်မြတ် အထူးအားရဝမ်းသာသည်။ သမက်တော်ကို သမီးတော်နှင့် စုလျားရစ်ပတ် ရေသွန်းလက်ထပ်ပြီး ငါတောထွက်တော်မူမည်"

"မှန်ပါဘုရား"

"အင်း သမီးတော်ကို ခေါ်ရဦးမည်။ အို အချောအလှ၊ တစ်လောကတွင်၊ ပြောမပြနိုင်၊ မြင်မြင်သမျှ၊ အာရုံကြွအောင် လှပါတဲ့ မြကေခိုင်စက်စက်ယို သမီးတော်။ လာလှဲ့– လာလှဲ့– ဖေဟိ– လာလှဲ့– ဖေဟိ။"

သည်တွင် တက္ကသိုလ် ဝိုင်းတော်သားများက "ဖြူပြာမှုရာ"သီချင်းကို တီးပေးကြသည်။ ဆုံးလျှင် သမီးတော်စက်စက်ယိုသည် မလှမ်းချင့် လှမ်းချင်၊ ဆင်မ၏လှမ်းဟန်ဖြင့် ထွက်ကြွလာတော့သည်။

ပရိသတ်များ ရယ်ကြတော့သည်။ အဘယ့်ကြောင့်နည်း။ အခြားမဟုတ်၊ ရုပ်ရည်ရူပကာယ ထူးသောကြောင့်ဖြစ်သည်။ သမီးတော်လုပ်သူမှာ အသားကလည်း မည်း၊ အရပ်ကလည်းပု၊ အလွန်ဝဖြိုး၊ ပါးစပ်အလွန်ပြဲ၍ မျက်စိအနည်းငယ်စောင်းနေသော ဟိန္ဒူတက္ကသိုလ်ကျောင်းသားတစ်ဦး ဖြစ်သောကြောင့်တည်း။

စက်စက်ယိုသည် ကြာမူဟန်ပါပါနှင့် နန္ဒာမင်းသားအပါးသို့ ချဉ်းကပ်ကာ မိမိမျက်နှာကို အပ်လိုက်လေ၏။

ထိုနောက် "အို မောင်ရဲ့၊ နှမတော်ကို ချစ်တယ်လား၊ ကြိုက်တယ်လား မေတ္တာမျှတယ်လား၊ မြတ်နိုးစုံမက်၊ နှစ်သက်သဒ္ဓါ ကြည်ဖြူတယ်လား နသားဘာယားတယ်လား" ဟု မခို့တရို့ 'အော်ဂလီဆန်'ဖွယ်ဟန်ပြ၍ ခနဲ့လိုက်၏။

မျှော်လင့်ကြီးစွာနှင့် စောင့်စားနေသော နန္ဒာမင်းသားလည်း 'စက်စက်ယို' မင်းသမီး၏ ထူခြားသော သရဲမအသွင်ကို မြင်ရသည်နှင့် တစ်ပြိုင်နက် "အောင်မယ်လေးဗျ... အောင်မယ်လေးဗျ... သရဲမကြီး ပြိတ္တာမကြီး... ကယ်တော်မူပါ..."ဟု အော်ဟစ်ရင်း သတိမေ့မျောကာ လဲသွားချေတော့သည်။

သည်တွင် 'စက်စက်ယို'မင်းသမီးသည် လျင်စွာထ၍ မူးမေ့နေသော နန္ဒာမင်းသားပေါ်တွင် ခွကာ မတ်တတ်ရပ်ရင်း မိမိထမိဖြင့် ယပ်ခတ်ပေးနေစဉ် ပြည်ဖုံးကားကြီးကို ချလိုက်ရလေတော့သတည်း။

❖

အတွဲ–၂၊ အမှတ်–၂၀၊ ၁၉၄၉၊ ဇန်နဝါရီ၊
ရှုမဝ မဂ္ဂဇင်း

www.burmeseclassic.com